ကုန်းကော်ကျေးရွာ
ပန်းဦးတောင်အုပ်စု
ပြင်ဦးလွင်မြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း
(၂၀၁၇ - ၂၀၂၁)

ပြုစုရေးဆွဲသူ
ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
(စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)
၂၀၁၈ ခုနှစ်၊ ဇူလိုင် လ

မာတိကာ

မာတိကာ

၁။ တည်နေရာနှင့် ပထဝီအနေအထား

၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

၃။ ကျေးရွာရှိ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

(က) **ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ**

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ဂ) **အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ**

(ဃ) **ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှု**

(င) **ပညာရေး**

(စ) **ကျန်းမာရေး**

(ဆ) **ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး**

(ဇ) ကျား – မ ရေးရာ

၄။ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

၁။ တည်နေရာနှင့် ပထဝီအနေအထား

ကုန်းကော်ကျေးရွာသည် မန္တလေးတိုင်း၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ် ပန်းဦးတောင်ကျေးရွာ အုပ်စု၊ ပြင်ဦးလွင် မြို့နယ်၏မြောက်ဘက် (၄)မိုင်ခန့်အကွာတွင် တည်ရှိသည်။ တောင်ဘက်တွင် နောင်ခမ်းကြီး ၊အနောက်ဘက်တွင်ပန်းဦးတောင်၊ အရှေ့မြောက်ဘက်တွင် ကျွန်းတိုင်ကျေးရွာတို့ တည်ရှိပါသည်။ကျေးရွာသည် တောင်ပေါ်ဒေသတွင်တည်ရှိပြီး သမပိုင်းဇုံတွင်ပါဝင်ပါသည်။

၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

နှစ်စဉ် မိုးရေချိန်လက်မ(၆၀)ခန့် ရရှိသည်။ကျေးရွာအနီးတွင် သစ်တောရှိ သဘာဝပေါက်ပင်များမှာ ညောင်ပင်၊ သရက်ပင်၊ ပိန္နဲပင်၊ ဝါးနှင့် အခြားအပင်အနည်းငယ်သာ ပေါက်ရောက်သည်။ ရာသီအလိုက် စိုက်ပျိုးနိုင်သော တောင်ယာခြံ (၁၂၀၀)ဧကကျော် ခန့် ရှိသည်။ ကျေးရွာအနီးတွင် စိမ့်စမ်းမှ စိုက်ပျိုးရေသွယ်ယူရရှိပါသည်။

၃။ ကျေးရွာရှိ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စိမ်ခန့်ခွဲမှု အခြေအနေ

ကျေးရွာတွင်ဖွံ့ဖြိုးရေးလုပ်ငန်း အများနှင့်ဆိုင်သော သာရေးနာရေးလုပ်ငန်းကိစ္စများတွင် ဝိုင်းဝန်းဆောင်ရွက် ကြပါသည်။ ကျေးရွာမှ စုပေါင်း၍ ကာလသားအဖွဲ့နှင့် ရပ်မိ/ရပ်ဖ သာရေး/နာရေး လူမှုကူညီရေးအဖွဲ့ သာရှိပြီး တစ်ရွာလုံး၏ သာရေး/နာရေး ကိစ္စရပ်များကို ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးသည်။ ကျေးရွာတွင် သာရေးနာရေးလူမှုရေးကိစ္စကြီးငယ် ပေါ်ပေါက်လျှင် ရွာသားများစည်းလုံးညီညွတ်စွာ ဝိုင်းဝန်း ဆောင်ရွက် သောအလေ့အကျင့်ကောင်းများရှိပါသည်။ ပြင်ပမှ အသေးစားချေးငွေအဖွဲ့များနှင့် ခြံငုံ၍သုံးသပ်ရလျှင် သာရေးနာရေး ကိစ္စများဆောင်ရွက်ရန် မိရိုးဖလာဖွဲ့စည်းထားသော အဖွဲ့အစည်းများက အားကောင်းကြပြီး ကျေးရွာဖွံ့ဖြိုးရေးကို စီမံကိန်းချ၍ ရေရှည် ဆောင်ရွက်နိုင်မည့် အဖွဲ့အစည်းစနစ် မရှိပါ။

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

ကျေးရွာ၏အဓိက ဝင်ငွေရလုပ်ငန်းမှာ စိုက်ပျိုးရေးလုပ်ငန်းဖြစ်သည်။ နှစ်စဉ် နာနတ်သီးနှင့် မက်မန်း ကိုအဓိကစိုက်ပျိုးကြသည်။ ကျေးရွာတွင် နာနတ်စိုက်ပျိုးမြေ ဧက (၁၀၀၀)ခန့်ရှိပြီး အထွက်နှုန်းမှာ ကောင်းမွန်ပါသည်။

ပန်း၊ ပဲသီး၊ ဂေါ်ဖီ၊ မုန်ညင်းနှင့် အခြားဟင်းသီး/ဟင်းရွက်များကိုလည်းစိုက်ပျိုးကြပြီး စိုက်ပျိုးရေးကိုစိမ့်စမ်းမှရရှိသော်လည်းနွေရာသီတွင်အခက်အခဲရှိပါသည်။

အခြားသား ငါးထုတ်လုပ်ရေးကဏ္ဍအနေဖြင့် ကျေးရွာမှ အိမ်ထောင်စုများသည် တစ်နိုင်တစ်ပိုင် မွေးမြူရေးလုပ်ကိုင်မှုနည်းသည်ကို တွေ့ရပါသည်။ (အိမ်ထောင်စုဇယား အချက်အလက်များ ရရှိလျှင် ကိန်းဂဏန်းအချက်အလက်နှင့် တကွ ပိုမိုပြည့်စုံအောင် ရေးနိုင် ပါမည်။)

(ဂ) အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ

ကျေးရွာတွင်ကျေးရွာသားများအားလုံးသည် သန့်ရှင်းသောသောက်သုံးရေသုံးစွဲနိုင်ရန် ရေတွင်းအိမ်တိုင်းနီးပါးတူးဖော်၍သုံးစွဲကြသည်ကိုတွေ့ရပြီး သောက်သုံးရေအခက်ခဲမရှိသော်လည်း ထုံးဓါတ်ပါဝင်မှုများ သည်ကိုတွေ့ရသည်။

ကျေးရွာတွင် မူလတန်း ကျောင်းရှိပြီး အလယ်တန်းကျောင်းနှင့်အထက်တန်းကျောင်းကိုမူ (၄)မိုင်ခန့်ဝေးသောပြင်ဦးလွင်မြို့ပေါ်ရှိကျောင်းများတွင်သွား၍တက်ရောက်ကြရသည်။ ကျန်းမာရေး စောင့်ရှောက်မှုအတွက် မိုင်ဝက်ခန့်ရှိနောင်ခမ်းကြီးကျေးရွာရှိ ကျေးလက်ဆေးပေးခန်းမှ ရရှိပါသည်။

ကျေးရွာတွင် လျှပ်စစ်မီးမရရှိသေး၍ မီးလင်းရေးအတွက် ဆိုလာမီးနှင့်ဒီဇယ် အင်ဂျင်များကိုသာအသုံးပြုကြရသည်။

(ဃ) ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှု

ငွေကြေးရေးဝန်ဆောင်မှုအနေဖြင့် မြစိမ်းရောင်စီမံကိန်းချေးငွေရရှိပြီး အတိုး (၁%) ကျပ်နှုန်းဖြင့်ငွေထုတ်ချေး၍ရပါသည်။ အခြားအသေးစား ချေးငွေဝန်ဆောင်မှုအနေဖြင့် ပက်မြန်မာ၊မေတ္တာစက်ဝိုင်းမှလည်း ချေးငွေအနည်းငယ် ရရှိနိုင်ပါသည် (အဖွဲ့အမည်နှင့် ဘယ်လောက်ပမာဏ အထိရနိုင်သည်ကိုရေးနိုင်လျှင် ပိုကောင်းမည်။)။ တောင်သူလယ်သမားများ သာမကဘဲ အခြားအသေးစား စီးပွားရေးလုပ်ငန်းများထူထောင်ရန် (ဥပမာ - တစ်နိုင်တစ်ပိုင်မွေးမြူရေး၊ အရောင်း အဝယ်) ချေးငွေဝန်ဆောင်မှုများ လိုအပ်ပါသည်။

(င) ပညာရေး

ကျေးရွာ၏ပညာရေးအဆင့်အတန်းသည် အသင့်အတင့်သာရှိကြောင်း တွေ့ရှိရပါသည်။ ရွာသားအများစုသည် အခြေခံအရေး၊အဖတ်၊အတွက်တို့ကို တတ်မြောက်ကြပြီး တက္ကသိုလ်ပညာရပ်များဖြင့် ဘွဲ့ရသူများ လည်းရှိပါသည်။ ကျေးရွာတွင် အခြေခံပညာမူလတန်းကျောင်း သာရှိပြီး အလယ်တန်းနှင့် အထက်တန်းကို ပြင်ဦးလွင်မြို့ပေါ်ရှိကျောင်းများသို့ သွား၍တက်ရောက်ကြရသည်။ အသက်မွေးဝမ်းကျောင်းကျွမ်းကျင်မှုသင်တန်းများ လက်လှမ်းမမီသောကြောင့် လူငယ်များမှာ အသက်မွေးဝမ်းကျောင်း ပညာနိမ့်ကျဆဲဖြစ်ပြီး ၄င်းအတွက် ဖွံ့ဖြိုးရေးအစီအစဉ်များမရှိပါ။

(စ) ကျန်းမာရေး

ကျေးရွာသူ/သားများသည် အများအားဖြင့် ကျန်းမာရေးကောင်းမွန်ကြပြီး ကူးစက်ရောဂါ ဖြစ်ပွားမှုမရှိသလောက်နည်းပါးသည်။ နှစ်စဉ်မိုးရာသီတွင် ကလေးသူငယ်များ သွေးလွန်တုပ်ကွေး ဖြစ်ပွားတတ်ပြီးလူငယ်၊ လူကြီးများတွင် မိုးရာသီတုပ်ကွေးရောဂါ ကူးစက်ခံရလေ့ရှိသည်။ စိုက်ပျိုးရေးကောင်းမွန်ခြင်းအလုပ်အကိုင် အထိုက်အလျောက် အဆင်ပြေခြင်း၊ မိသားစုများ ဝမ်းစာအတွက် နေ့စဉ်ဝင်ငွေ အသင့်ရှိသောကြောင့် ကျေးရွာအိမ်ထောင်စုဝင်များ ကလေးသူငယ်များ အပါအဝင် ယေဘုယျအားဖြင့် အာဟာရဓာတ်ချို့တဲ့မှုမရှိကြပါ။ အမျိုးသမီးများ အတွက် ကျန်းမာရေး စောင့်ရှောက်မှုကို ကျေးရွာနှင့် မိုင်ဝက်ခန့်ဝေးသောနောင်ခမ်းကြီးကျေးရွာ ကျေးလက်ကျန်းမာရေး ဆေးပေးခန်းမှရရှိကြသည်။ ကလေးသူငယ်များအတွက်

ကျန်းမာရေး ကာကွယ်ဆေးတိုက်ကျွေးသော အစီအစဉ်များကို ကျန်းမာရေး ဌာနမှ နှစ်စဉ်ဆောင်ရွက်ပေးပါသည်။

(ဆ) ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

ကျေးရွာတွင် သဘာဝဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုတွင် ကျေးရွာအနီးစိမ့်စမ်းမှာနွေရာသီတွင်ခမ်းခြောက်၍စိုက်ပျိုးရေရှားပါးမှုနှင့်ကျေးရွာအနီးသစ်တော များအားမြေကွက်များရိုက်ရန် ခုတ်လှဲခြင်းများကြောင့်သစ်တောများ မရှိတော့ဘဲပြုန်းတီးကာရာသီဥတုကိုများစွာ ထိခိုက်စေသည်ကိုတွေ့ရသည်။

(ဇ) ကျား – မ ရေးရာ

ကျားမဆိုင်ရာအခွင့်အရေးအနေဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင်အမျိုးသားများက ဦးဆောင်လေ့ရှိသည်။ အမျိုးသမီးများသည် အိမ်တွင်းမှုလုပ်ငန်းများဖြစ်သော ထမင်းချက်၊ ရေခပ်၊ ကလေးထိန်းခြင်း စသောကိစ္စများ ဆောင်ရွက်သည်။ လယ်ယာလုပ်ငန်းခွင်တွင် အမျိုးသမီးများသည် ပေါင်းနှုတ်ခြင်း၊ ကောက်စိုက်ခြင်း၊ အမျိုးသားများသည် လယ်ထွန်ခြင်း စသည့် လုပ်ငန်းများ လုပ်ကိုင်ကြသည်။ ဘာသာရေးအထိမ်းအမှတ် ရိုးရာယဉ်ကျေးမှုပွဲတော်များတွင် အမျိုးသမီးများသည် အမျိုးသားနှင့် အတူပူးပေါင်းဆောင်ရွက်ကြသည်။ လယ်ယာလုပ်ငန်းခွင်တွင်အမျိုးသားများသည် အမျိုးသမီးများထက် လုပ်အားခပိုမိုရရှိကြသည်။ ဒေသတွင်းအုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲမှုကိစ္စရပ်များတွင် အမျိုးသမီးများ၏ အခန်းကဏ္ဍ နည်းပါးနေသေးကြောင်း တွေ့ရသည်။ မူလတန်းကျောင်းပညာရေးမှ တက္ကသိုလ်ပညာရေးထိ ကျားမတန်းတူအခွင့်အရေးရှိပါသည်။

၄။ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

စဉ်	ကဏ္ဍ	ဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်း	ဦးစားပေး အဆင့်
၁	စိုက်ပျိုးရေး	မိုးရေလှောင်ကန်တည်ဆောက်ခြင်း	၃
		ရေပန်းစနစ်တပ်ဆင်ခြင်း	၃
		စိုက်ပျိုးမြေချဲ့ထွင်ခြင်း	၆
		လယ်ယာမြေ ဥပဒေသင်တန်း	၆
		မျိုးကောင်းမျိုးသန့်ရရှိရေး	၂
		နှစ်ရှည်ပင်စိုက်ပျိုးခြင်း	၂
		လယ်ယာသုံးစက်ကိရိယာအရစ်ကျရောင်းချခြင်း	၂
		စံပြကွက်ထူထောင်ခြင်းနှင့်လေ့လာရေးခရီး	၅
		မြေဆီလွှာပြုပြင်ထိန်းသိမ်းနည်းသင်တန်း	၅
၂	အခြေခံအဆောက်အဦ	ရွာတွင်းလမ်း/ရွာချင်းဆက်လမ်း/ကုန်ထုတ်လမ်း ပြုပြင်ခြင်း	၁
၃	ကျန်းမာရေး	အရံသားဖွားသင်တန်း	၄
		အခြေခံကျန်းမာရေးလုပ်သားသင်တန်း	၄
		ဆေးပေးခန်းဆောက်လုပ်ခြင်း	၄
		ကျန်းမာရေးအသိပညာပေးဟောပြောခြင်းများ	၄
၅	သောက်ရေနှင့်သန့်ရှင်းရေး	ကျေးရွာသောက်ရေသန့်စက်ထူထောင်ခြင်း	၈
၆	လူငယ်နှင့်အားကစား	ခေတ်မီစာကြည့်တိုက်ထူထောင်ခြင်း	၇
		အမျိုးသမီးအကြမ်းဖက်မှုဥပဒေပညာပေး သင်တန်း	၇

နောက်ဆက်တွဲ (၁)

ဖွံ့ဖြိုးရေးဗျူဟာ ဇယား

ပြဿနာ	ပြဿနာဖြစ်ရသည့် အကြောင်းရင်းဇစ်မြစ်	ကျေးရွာဖွံ့ဖြိုးရေးအတွက် အထောက်အကူဖြစ်စေမည့် ပိုင်ဆိုင်နေသည့်. အရင်းအနှီးများ/အခြေအနေကောင်းများ	ကျေးရွာဖွံ့ဖြိုးရေးအတွက် အဟန့်အတားများ	ဖြစ်နိုင်ဖွယ်ရာဖြေရှင်းနည်းလမ်းများ	ဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်း
ကဏ္ဍ - သီးနှံ					
ကဏ္ဍ - မွေးမြူရေး					